M Y A N M A R   R E S O U R C E   W A T C H




# သယံဇာတဝန်ကြီးဖြစ်လာတဲ့ စစ်တပ်ရဲ့
# စီးပွားရေးပွဲကိုင်ရှင်



Source: Pyidaungsu Hlutaw

ယခုနှစ် ဧပြီလ (၁၀)ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးအဖြစ် ဦးဆန်းဦးကို ခန့်အပ်ခဲ့ပါတယ်။

ဦးဆန်းဦးကို ဝန်ကြီးအဖြစ်ခန့်အပ်ဖို့ အမည် စာရင်းတင်သွင်းခဲ့သူကတော့ စစ်တပ်ရွေးကောက်ပွဲကတစ်ဆင့် ပေါ်ပေါက်လာတဲ့ လွှတ်တော်က သမ္မတအဖြစ်ရွေးချယ်ထားတဲ့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ပဲ ဖြစ်ပါတယ်။

ဧပြီလ (၇)ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုဝန်ကြီးခန့်အပ်ရန် အဆိုပြုသူ (၃၀)ဦးစာရင်းကို တင်ပြခဲ့တဲ့အထဲမှာ ဦးဆန်းဦး နာမည်လည်း ပါဝင်ခဲ့တာ ဖြစ်ပါတယ်။

## *စစ်တပ်ရဲ့ စီးပွားရေးပွဲကိုင်ရှင်*

၁၉၆၃ ခုနှစ်မှာမွေးဖွားခဲ့တဲ့ ဦးဆန်းဦးဟာ အခုဆို အသက် (၆၆)နှစ်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးရာထူးနဲ့ တပ်မတော်အရန် အင်အားကို ပို့ဆောင်ခံထားရသူ ဖြစ်ပါတယ်။


Source: Google

သူဟာ စစ်တက္ကသိုလ်အပတ်စဉ် (၂၄) ဆင်းဖြစ်ပြီး စစ်တပ်ရဲ့ စီးပွားရေးအင်ပါယာဖြစ်တဲ့ မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီလီမိတက် (MEC - ဦးပိုင်)ရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူလည်း ဖြစ်ပါတယ်။

သဘာဝသယံဇာတတွေကို ထုတ်ယူသုံးစွဲပြီး အကျိုးအမြတ် ရှာဖွေပေးနေတဲ့ စစ်တပ်ရဲ့ စီးပွားရေး ဒေါက်တိုင် ဦးပိုင်ရဲ့ ဥက္ကဋ္ဌဟာ အခုအခါမှာတော့ သယံဇာတအလွန်အကျွံထုတ်ယူ သုံးစွဲမှုတွေကို တားဆီး ထိန်းချုပ်ရတဲ့ ဝန်ကြီးဌာနရဲ့ ဝန်ကြီးတစ်ဦး ဖြစ်လို့လာပါတယ်။


Source: Google

သယံဇာတနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဖြစ်လာတဲ့ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးဟာ ကြည်း(၁၇၅၀၂)နဲ့ စစ်မှုထမ်း ဘဝကို စတင်ခဲ့တာဖြစ်ပါတယ်။

သူဟာ ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီကနေတစ်ဆင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရကာ ၂၀၁၁ ခုနှစ်နောက်ပိုင်းမှာတော့ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဖြစ်လာခဲ့ပါတယ်။

၂၀၁၄ ခုနှစ်မှာတော့ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ်မှ စစ်ရေးချုပ်အဖြစ်သို့ ရာထူးတိုးမြှင့်ခြင်း ခံခဲ့ရပါတယ်။ အဲဒီတာဝန်ကို ၂၀၁၉ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပြီး အရန်အင်အားတပ်ဖွဲ့ကို ရောက်ရှိခဲ့သလို မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ရဲ့ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ပေးအပ်ခံခဲ့ရတာ ဖြစ်ပါတယ်။

## *သယံဇာတနဲ့ အကျိုးအမြတ်တွေကို ပွဲကိုင်နေသူ*




Figure: Myanmar Military's business links
Source: boycottmyanmar.org

ဦးပိုင်ရဲ့ စီးပွားရေးလုပ်ငန်းစုတွေဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေး ကဏ္ဍပေါင်းစုံမှာ လုပ်ငန်းပေါင်း (၁၂၀) လောက်မှာ ဝင်ရောက်လုပ်ကိုင်နေပြီး အဲဒီထဲမှာ ကျောက်စိမ်းနဲ့ ပတ္တမြားရတနာ တူးယူတာကနေ ကုန်ထုတ်လုပ်ငန်း၊ အာမခံ၊ ခရီးသွား၊ ဘဏ်လုပ်ငန်းတွေအထိ ပါဝင်ကြပါတယ်။

၁၉၉၀ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ ဦးပိုင်ဟာ ကုမ္ပဏီထူထောင်စဉ် အစောပိုင်းကာလတွေမှာ သဘာဝသယံဇာတတွေဖြစ်တဲ့ ကျောက်မျက်ရတနာနဲ့ သစ်လုပ်ငန်းတို့ကနေ အကျိုးအမြတ်များစွာ ရရှိခဲ့ကြပါတယ်။

ဦးပိုင်ဟာ နိုင်ငံခြားကုမ္ပဏီတွေနဲ့ ပူးပေါင်းကာ ဖက်စပ်ရင်းနှီးမြှုပ်နှံတဲ့ စီးပွားရေးလုပ်ငန်းတွေလည်း ရှိပါတယ်။ အဲဒီထဲမှာ မြန်မာဘီယာလို အဖျော်ယမကာ ထုတ်လုပ်တာတွေအပြင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းလို နာမည်ကြီး စီမံကိန်းကြီးတွေအထိ ပါဝင်နေပါတယ်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဟာဆိုရင် အစိုးရအဆက်ဆက် ပြဿနာတွေကို ပြေလည်မှုရအောင် မဖြေရှင်းနိုင်ခဲ့ဘဲ ဒေသခံတွေဟာ အတင်းအဓမ္မနေရာစွန့်ခွာဖို့ ဖိအားပေးခံရတာတွေကို ကြုံတွေ့ ခံစားခဲ့ရပါတယ်။

မြေယာနဲ့ သီးနှံလျော်ကြေးတွေကိုလည်း ကာလပေါက်ဈေးမပေးခဲ့သလို ဆန္ဒပြသူတွေကိုလည်း အကြမ်းဖက် ဖြိုခွင်းခဲ့တဲ့ စီမံကိန်းတစ်ခုလည်း ဖြစ်ပါတယ်။




**အဲ**ဒီလိုပြည်တွင်းမှာ ဦးပိုင်က စီးပွားရေးလုပ်ငန်းတွေကို နည်းလမ်းမျိုးစုံသုံးကာ လက်ဝါးကြီးအုပ် အကျိုးစီးပွားရှာဖွေကာ ရရှိလာတဲ့အကျိုးအမြတ်တွေကို စစ်တပ်အတွင်းမှာလည်း မညီမျှတဲ့ ခွဲဝေမှုပုံစံတွေရှိတယ်ဆိုပြီး ဝေဖန်မှုတွေ ထွက်ပေါ်နေပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၃-၂၀၂၄ ခုနှစ် ဦးပိုင်ရဲ့ အမြတ်ဝေစုတွေခွဲဝေပေးရာမှာလည်း စစ်ပွဲအတွင်း သေဆုံးသူနဲ့ ပျောက်ဆုံးသူတွေရရှိမယ့် အမြတ်ဝေစုတွေကို ကျန်ရှိတဲ့မိသားစုဝင်တွေထံ မထုတ်ပေးသလို တော်လှန်ရေးအင်အားစုတွေ တိုက်ခိုက်လို့ စခန်းစွန့်ခွာပြေးတဲ့ စစ်သားတွေရဲ့ အမြတ်ဝေစုတွေကို ထုတ်ပေးတာမျိုး မရှိတာကြောင့် ဝေဖန်သံတွေ ဆူညံခဲ့ပါတယ်။

စစ်သားတွေဟာ ရာထူးအလိုက် ဦးပိုင်ထဲကို ငွေကြေးထည့်ဝင်ကြရပြီး ရာထူးပေါ်မူတည်ကာ ကျပ် (၁၅) သိန်းကနေ သိန်း (၁၀၀)အထိ မဖြစ်မနေထည့်ဝင်ရပါတယ်။ ဒါပေမဲ့ ဦးပိုင်ရဲ့ အမြတ်ဝေစုတွေကတော့ စစ်တပ်ရဲ့ ထိပ်ပိုင်းအရာရှိတွေလက်ထဲကိုပဲရောက်ရှိကာ အောက်ခြေစစ်သားတွေကတော့ အကျိုးအမြတ်ခွဲဝေမှု မမျှတတာတွေနဲ့ ကြုံတွေ့နေရတာပါ။




Source: AI

**စစ်**တပ်ထိပ်ပိုင်းအရာရှိတွေရဲ့ အကျိုးစီးပွားကို ဒေါက်တိုင်အဖြစ်ရပ်တည်နေတဲ့ ဦးပိုင်ဟာ ပြည်တွင်းက တွင်းထွက်သယံဇာတတွေဖြစ်တဲ့ ကျောက်စိမ်းအပါဝင် ကျောက်မျက်ရတနာလုပ်ငန်းနဲ့ သစ်လုပ်ငန်းတို့ကနေ အကျိုးအမြတ်များစွာ ရရှိနေခဲ့တာပဲဖြစ်ပါတယ်။

မြန်မာ့သယံဇာတတွေကနေ အကျိုးအမြတ်ထုတ်ယူနေတဲ့ စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းစုရဲ့ ဥက္ကဋ္ဌဟာ အခုဆိုရင် သယံဇာတနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးတစ်ဦးဖြစ်လာပါပြီ။ ဒါဟာ ဝံပုလွေကို သိုးအုပ်စောင့်ခိုင်းသလို နောက်ဆုံး သိုးအုပ်တွေ ကုန်သလိုမျိုး ဖြစ်လာတော့မှာလား။

ဒါမှမဟုတ် ကာကွယ်စောင့်ရှောက်မှာလား ဆိုတာကိုတော့ သမ္မတကြီးတဖြစ်လည်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ အစိုးရသစ်လက်ထက် ငါးနှစ်တာကာလကို စောင့်ကြည့်အကဲဖြတ်ရမှာပဲဖြစ်ပါတယ်။